Message Eight

# ဒါဝိဒ်၏မျိုးစေ့သည် ဘုရားသခင်၏သားတော်ဖြစ်လာခြင်း

ဖတ်ရန်ကျမ်း။ ။ ၂ရှမွေ၊၇း၁၂က၊ ၁၄က။ မ၊၂၂း၄၁–၄၅။ တ၊၁၃း၂၃၊ ၃၃။ ရော၊၁း၃–၄။ ဂး ၂၈။ ဗျာ၊၂၂း၁၆

**I. ''သင့်ကိုယ်မှ ထွက်ပေါ်လာသော သင်၏မျိုးစေ့ကို ငါချီးမြှောက်၍၊ ... ငါသည် သူ၏အဖဖြစ်မည်။ သူသည်လည်း ငါ၏သားဖြစ်လိမ့်မည်'' – ၂ရှမွေ၊၇း၁၂က၊ ၁၄က။**

က။ ဤနေရာရှိ *သင်၏မျိုးစေ့* မှာ တိုက်ရိုက်အနေဖြင့် ဒါဝိဒ်၏သားတော် ရှောလမုန်ကို ရည်ညွှန်းသည် – ၁ဘုရင်၊၅း၅။ ဂး၁၅–၂၀။

ခ။ ၂ရှမွေ ၇း၁၄က ကို ကိုးကားထားသည့် ဟေဗြဲ၊၁း၅ခ အရ ဒါဝိဒ်၏မျိုးစေ့သည် အမှန်မှာ ဘုရားသခင်၏သားဦးအဖြစ် ခရစ်တော်ပင်ဖြစ်ပြီး၊ ကိုယ်တော်၌ ဘုရားဇာတိနှင့် လူသားဇာတိနှစ်မျိုးလုံးရှိသည် – ဟေဗြဲ၊၁း၅၊ ၆။

ဂ။ ၂ရှမွေ ၇း၁၂က ရှိ *သင်၏မျိုးစေ့* နှင့် အငယ် ၁၄က ရှိ *ငါ၏သား* တို့မှာ ဒါဝိဒ်၏မျိုးစေ့သည် ဘုရားသခင်၏သားတော်ဖြစ်လာကြောင်း၊ လူသားမျိုးစေ့သည် ဘုရားဆိုင်ရာသားတော်ဖြစ်လာကြောင်း ရည်ညွှန်းသည် – ရော၊၁း၃–၄။

ဃ။ ဒါဝိဒ်၏မျိုးစေ့သည် ဘုရားသခင်၏သားတော်ဖြစ်လာခြင်းနှင့်စပ်လျဉ်းသည့် ဤစကားလုံးသည် ဆက်လက်ဖြစ်ပွားကာ ဓမ္မသစ်ကျမ်းတွင် အခိုင်အမာ တိုးတက်မှုရှိလာခဲ့သည် – မ၊၂၂း၄၁–၄၅။ ဗျာ၊၂၂း၁၆။

**II. မဿဲ ၂၂း၄၁–၄၅ တွင် သခင်ယေရှုက စကြဝဠာ၌ အကြီးမားဆုံးသောမေးခွန်းကို မေးခဲ့သည် – ''ထိုခရစ်တော်နှင့် စပ်လျဉ်း၍၊ အဘယ်သို့ ထင်မှတ်ကြသနည်း။ သူသည် မည်သူ၏သားဖြစ်သနည်း'' – အငယ်၊၄၂က။**

က။ ဖာရိရှဲတို့က ခရစ်တော်သည် ဒါဝိဒ်၏သားဖြစ်သည်ဟု ပြောကြသောအခါ၊ သခင်ဘုရားက ခရစ်တော်သည် ဒါဝိဒ်၏သားဖြစ်လျှင် ဒါဝိဒ်က ခရစ်တော်ကို အဘယ်ကြောင့် သခင်ဟုခေါ်သနည်းဟူ၍ မေးခဲ့သည် – အငယ်၊၄၃–၄၅။

ခ။ ခရစ်တော်ကို ဘုရားသခင်၏ဖွင့်ပြခြင်းမှတစ်ဆင့် ကျွန်ုပ်တို့၏ဝိညာဉ်၌သာလျှင် ကျွန်ုပ်တို့သိရှိနိုင်မည်ဖြစ်သည် – အငယ်၊ ၄၃။ ၁၆း၁၇။

ဂ။ ခရစ်တော်သည် ဘုရားသခင်ဖြစ်သည်။ ဘုရားဇာတိ၌ ကိုယ်တော်သည် ဒါဝိဒ်၏သခင်ဘုရားဖြစ်သည် – မ၊၂၂း၄၃။

ဃ။ ခရစ်တော်သည် လူတစ်ဦးလည်းဖြစ်သည်။ လူသားဇာတိ၌ ကိုယ်တော်သည် ဒါဝိဒ်၏သားဖြစ်သည် – အငယ်၊၄၂၊ ၄၅။

**III. ဗျာဒိတ် ၂၂း၁၆ တွင် သခင်ယေရှုက ''ငါသည်ကား၊ ဒါဝိဒ်၏အမြစ်ဖြစ်၏။ အနွယ်လည်းဖြစ်၏''ဟု ပြောခဲ့သည်။**

က။ ဘုရားဇာတိ၌ ခရစ်တော်သည် ဒါဝိဒ်၏ဇစ်မြစ်၊ အရင်းအမြစ်ဖြစ်သည်။ လူသားဇာတိ၌ ခရစ်တော်သည် ဒါဝိ၏အနွယ်၊ ထွက်ပေါ်လာခြင်းဖြစ်သည်။

ခ။ ခရစ်တော်သည် ဒါဝိဒ်၏ဇစ်မြစ်အဖြစ် သခင်ဘုရားဖြစ်ပြီး၊ ကိုယ်တော်သည် ဒါဝိဒ်၏အနွယ်အဖြစ် ဒါဝိဒ်၏သား၊ ဒါဝိဒ်၏အတက်လည်း ဖြစ်သည်။ *ဒါဝိဒ်၏အနွယ်* မှာ သခင်ဘုရားသည် လူတစ်ဦးဖြစ်ပြီး၊ ကိုယ်တော်သည် ဒါဝိဒ်ထဲမှ ထွက်ပေါ်လာကြောင်း ညွှန်ပြသကဲ့သို့၊ *ဒါဝိဒ်၏အမြစ်* မှာ ကိုယ်တော်သည် ဘုရားသခင်ဖြစ်၍၊ ကိုယ်တော်ထဲမှ ဒါဝိဒ်ထွက်ပေါ်လာကြောင်းကိုလည်း ညွှန်ပြနေသည်။

ဂ။ ဗျာဒိတ် ၂၂း၁၆ တွင် ခရစ်တော်ကိုယ်တော်တိုင်က ကိုယ်တော်သည် လူတစ်ဦးဖြစ်သကဲ့သို့ ဘုရားလည်းဖြစ်ကြောင်း၊ လူသားသဘောသဘာဝနှင့် ဘုရားသဘောသဘာဝဟူ၍နှစ်ခုလုံးကို ပိုင်ဆိုင်ကြောင်း သိမှတ်ပြောကြားခဲ့သည်။

**IV. တမန်တော် ၁၃ တွင် ပေါလုက ဒါဝိဒ်၏မျိုးစေ့မှ ''ဘုရားသခင်သည် ကတိတော်အတိုင်း၊ ကယ်တင်သောအရှင်ကို အစ္စရေးလူတို့အား ပေါ်ထွန်းစေတော်မူပြီ'' (အငယ်၊၂၃)၊ '''သင်သည် ငါ့သားဖြစ်၏။ ယနေ့ပင် သင့်ကို ငါဖြစ်ဖွားစေပြီ'ဟု ဆာလံကျမ်းဒုတိယခန်း၌ လာသည်နှင့်အညီ၊ ဘုရားသခင်သည် ယေရှုကို ထမြောက်စေတော်မူသဖြင့်၊ ဤကတိတော်ကို ထိုသူတို့၏သားဖြစ်သော ငါတို့အား ပြည့်စုံစေတော်မူပြီ''ဟု ပြောထားသည် (အငယ်၊၃၃)။**

က။ အငယ်၊၃၂ နှင့် ၃၃ တွင် ဘုရားသခင်၏သားဦးအဖြစ် ခရစ်တော်သည် ဘိုးဘေးများထံ ကတိပေးထားခံရသူဖြစ်ပြီး၊ ဘုရားသခင်သည် ယေရှုကို ထမြောက်စေခြင်းအားဖြင့် ဤကတိတော်အား ပြည့်စုံစေခဲ့သည်။

ခ။ ရှင်ပြန်ထမြောက်ခြင်းသည် လူသားယေရှုအဖို့ မွေးဖွားခြင်းဖြစ်သည်။

၁။ ကိုယ်တော်သည် အများသောညီတို့တွင် ဘုရားသခင်၏သားဦးဖြစ်မည့်အကြောင်း ရှင်ပြန်ထမြောက်ခြင်း၌ ဘုရားသခင်အားဖြင့် မွေးဖွားခံရသည်။

၂။ ကိုယ်တော်သည် ထာဝရကာလမှ ဘုရားသခင်၏တစ်ပါးတည်းသောသားတော်ဖြစ်ခဲ့သည် – ယော၊၁း၁၈။ ၃း၁၆။

၃။ ကိုယ်တော်၏လူ့ဇာတိခံခြင်းနောက် ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် ကိုယ်တော်သည် သူ၏လူသားဇာတိ၌ ဘုရားသခင်

၏ သားဦးဖြစ်ရန် ဘုရားသခင်အားဖြင့် မွေးဖွားခံရသည် – ဟေဗြဲ၁း၆။

ဂ။ ပေါလုသည် ဆာလံ ၂း၇ ရှိ သခင်ဘုရား၏ ရှင်ပြန်ထမြောက်ခြင်းကို မြင်နိုင်စွမ်းရှိခဲ့သည်၊ "သင်သည် ငါ့သားဖြစ်၏ ။ ယနေ့ပင် သင့်ကို ငါဖြစ်ဖွားစေပြီ"။

၁။ ပေါလုက ယနေ့ ဟူသောစကားလုံးကို သခင်ဘုရား၏ ရှင်ပြန်ထမြောက်ရာနေ့အဖြစ် ယူဆောင်အသုံးပြုခဲ့သည်။

၂။ ဤသည်မှာ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းသည် ဘုရားသခင်၏ သားဦးအဖြစ် ကိုယ်တော်၏ မွေးဖွားခြင်းဖြစ်ကြောင်း ဆိုလိုသည်။

၃။ လူသားတော်ဖြစ်သည့် ယေရှုသည် သေခြင်းမှ ထမြောက်လာခြင်းအားဖြင့် ဘုရားသခင်၏ သားတော်ဖြစ်ရန် မွေးဖွားလာခဲ့သည်။ ထို့ကြောင့် ဘုရားသခင်က ယေရှုကို သေခြင်းမှထမြောက်စေခြင်းမှာ သားဦးဖြစ်လာရန် ကိုယ်တော်၏ မွေးဖွားပေးခြင်းဖြစ်သည် – တ၊၁၃း၃၃။

ဃ။ လူ့ဇာတိခံခြင်းမှတစ်ဆင့် ဘုရားသခင်၏ တစ်ပါးတည်းသောသားတော်သည် လူသားဇာတိကို ယူတင်ဝတ်ဆင်ကာ၊ ဘုရား–လူတစ်ဦးဖြစ်လာခဲ့သည် (ယော၊၁း၁၄၊ ၁၈။ လု၊၁း၃၅)။ ထို့နောက် ရှင်ပြန်ထမြောက်ခြင်း၌ ဤဘုရား–လူသည် ကိုယ်တော်၏ သားဦးဖြစ်လာရန် ဘုရားသခင်၏ မွေးဖွားခြင်းခံရသည် (တ၊၁၃း၃၃။ ဟေဗြဲ၁း၆။ ရော၊၈း ၂၉)။

၁။ လူ့ဇာတိခံခြင်းမတိုင်မီက ဘုရားသခင်၏ တစ်ပါးတည်းသောသားတော်သည် လူသားသဘောသဘာဝ မရှိခဲ့ပါ။ ကိုယ်တော်၌ ဘုရားသဘောသဘာဝသာ ရှိခဲ့သည်။

၂။ ရှင်ပြန်ထမြောက်ခြင်း၌ ဘုရားသခင်၏ သားဦးသည် လူသားသဘောသဘာဝသာမက ဘုရားသဘောသဘာဝကိုလည်း ရရှိထားသည်။

င။ ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် ခရစ်တော်သည် သားဦးဖြစ်လာရန် မွေးဖွားခဲ့ပြီး၊ တစ်ချိန်တည်းမှာပင် ကိုယ်တော်၏ ယုံကြည်သူများ အားလုံးသည်လည်း ဘုရားသခင်၏ များစွာသောသားများဖြစ်ရန် မွေးဖွားခဲ့ကြသည် – ၁ပေ၊၁း၃။ ဟေဗြဲ ၂း၁၀။

၁။ ဤများစွာသောသားများအလယ်၌ သားဦးသာလျှင် ဘုရားသခင်၏ တစ်ပါးတည်းသောသားတော် ဖြစ်သည် – ယော၊ ၁း၁၈။ ၁ယော၊၄း၉။

၂။ ဘုရားသခင်၏ ဤတစ်ပါးတည်းသောသားတော်သည် ရှင်ပြန်ထမြောက်သည့် လူသားဇာတိ၌ ဘုရားသခင်၏ အဦးဖွားသောသားလည်းဖြစ်သည် – ရော၊၈း ၂၉။

၃။ သားဦးသည် ဘုရားဇာတိနှင့် လူသားဇာတိနှစ်ခုလုံးရှိပြီး၊ ဘုရားသခင်၏ များစွာသောသားများအဖြစ် ကိုယ်တော်၏ ယုံကြည်သူများဖြစ်သည့် ကျွန်ုပ်တို့သည်လည်း လူသားသဘောသဘာဝနှင့် ဘုရားသဘောသဘာဝနှစ်ခုလုံးကို ပိုင်ဆိုင်ကြရသည် – ၂ပေ၊၁း၄။

## V. ရှင်ပြန်ထမြောက်ခြင်း၌ ခရစ်တော်သည် ကိုယ်တော်၏ လူသားသဘောသဘာဝနှင့်အတူ တန်ခိုး၌ ဘုရားသခင်၏ သားတော်အဖြစ် ခွဲခန့်မှတ်သားခံရကြောင်း ကျွန်ုပ်တို့သိရှိရန် လိုအပ်သည် – ရော၊၁း၃–၄။

က။ ကိုယ်တော်၏ လူ့ဇာတိခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းမတိုင်မီက ခရစ်တော်သည် ဘုရားသခင်၏ သားတော်၊ တစ်ပါးတည်းသောသားတော် ဖြစ်ခဲ့သည် – ယော၊၁း၁၈။ ၃း၁၆။

ခ။ ခရစ်တော်သည် လူ့ဇာတိခံခြင်းမတိုင်မီက ဘုရားသခင်၏ သားတော် ဖြစ်ခဲ့ပြီးသားဖြစ်သော်လည်း၊ ကိုယ်တော်သည် ရှင်ပြန်ထမြောက်ခြင်းပြီးနောက် ဘုရားသခင်၏ သားတော်အဖြစ် ခွဲခန့်မှတ်သားရန် လိုအပ်နေဆဲဖြစ်သည်၊ အကြောင်းမှာ လူ့ဇာတိခံခြင်း အားဖြင့် ကိုယ်တော်သည် လူသားသဘောသဘာဝကို ယူတင်ဝတ်ဆင်ခဲ့ပြီး၊ ယင်းသည် ဘုရားဇာတိနှင့် ဘာမျှ ပတ်သက်ခြင်းမရှိခဲ့သောကြောင့်ဖြစ်သည် – ၁း၁၊ ၁၄။ ရော၊၈း၃။

၁။ ဘုရားသခင်၏ သားတော်သည် လူ့ဇာတိခံယူပြီးနောက် ကိုယ်တော်၏ ဘုရားသဘောသဘာဝသည် အသွေးအသားအားဖြင့် ဖုံးကွယ်ခြင်း ခံရသည်။

၂။ ခရစ်တော်သည် သူ၏ ဘုရားဇာတိ၌ ဘုရားသခင်၏ သားတော်ဖြစ်ပြီးသား ဖြစ်သည်၊ သို့သော် ကိုယ်တော်၏ အစိတ်အပိုင်း တစ်ခုဖြစ်သော မာရိမှ မွေးဖွားလာသည့် လူသားသဘောသဘာဝရှိသော ယေရှုသည် ဘုရားသခင်၏ သားတော် မဖြစ်သေးပါ – လု၊၁း၃၁–၃၂၊ ၃၅။

၃။ ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ခရစ်တော်သည် ကိုယ်တော်၏ လူသားသဘောသဘာဝ၊ လူသားဇာတိကို သန့်ရှင်းစင်ကြယ်စေကာ မြှင့်တင်ခဲ့ပြီး၊ ရှင်ပြန်ထမြောက်ခြင်းပြီးနောက် ကိုယ်တော်၏ လူသားသဘောသဘာဝနှင့်အတူ ဘုရားသခင်၏ သားတော်အဖြစ် ခွဲခန့်မှတ်သားခံရသည်။ ဤအချက်၌ ကိုယ်တော်သည် ရှင်ပြန်ထမြောက်ခြင်း၌ ဘုရားသခင်၏ သားတော်အဖြစ် မွေးဖွားခံရခြင်းဖြစ်သည် – ရော၊၁း၃–၄။ တ၊၁၃း၃၃။ ဟေဗြဲ၊၁း၅။

၄။ ဘုရားသခင်၏ သားတော်အဖြစ် ဤသို့ခွဲခန့်မှတ်သားခံရခြင်းမှာ "တန်ခိုးတော်၌"၊ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း

တန်ခိုးတော်၌ဖြစ်ပြီး၊ ယင်း၏ စစ်မှန်ခြင်းမှာ ဝိညာဉ်တော်ဖြစ်သည် – ရော၊၁း၄။ ဖိ၊၃း၁၀။ ဧ၊၁း၁၉–၂၀။

ဂ။ ရှင်ပြန်ထမြောက်ခြင်း၌ ခွဲခန့်မှတ်သားခံရခြင်းမှတစ်ဆင့် လူ့ဇာတိခံခြင်းမတိုင်မီက ဘုရားသခင်၏ သားတော်ဖြစ်ခဲ့ပြီးသော ခရစ်တော်သည် အသစ်သောနည်းလမ်း၌ ဘုရားသခင်၏ သားတော်ဖြစ်လာခဲ့သည် – ရော၊၁း၄။

၁။ လူ့ဇာတိခံခြင်းမတိုင်မီက ကိုယ်တော်သည် ဘုရားဇာတိသာရှိသည့် ဘုရားသခင်၏ သားတော်ဖြစ်ခဲ့သည်။ ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် ကိုယ်တော်သည် ဘုရားဇာတိနှင့် လူသားဇာတိနှစ်ခုလုံးရှိသည့် ဘုရားသခင်၏ သားတော်အဖြစ် ခွဲခန့်မှတ်သားခံရသည် – အငယ်၊၄။

၂။ ခရစ်တော်သည် လူသားသဘောသဘာဝကို ယူတင်ဝတ်ဆင်ခြင်း မရှိခဲ့လျှင် ကိုယ်တော်သည် ဘုရားသခင်၏ သားတော်ဖြစ်ရန် ခွဲခန့်မှတ်သားခံဖို့ မလိုအပ်ပေ၊ အကြောင်းမှာ ကိုယ်တော်၏ ဘုရားဇာတိ၌ ထာဝရကာလမှ ဘုရားသခင်၏ သားတော်ဖြစ်ပြီးသား ဖြစ်သောကြောင့်တည်း – ယော၊၁း၁၈။ ၁၇း၅။

၃။ လူ့ဇာတိခံခြင်းမှတစ်ဆင့် လူသားဇာတိကို ယူတင်ဝတ်ဆင်ခြင်းဖြင့် ကိုယ်တော်သည် ရှင်ပြန်ထမြောက်ခြင်း၌ လူသားဇာတိနှင့်အတူ ဘုရားသခင်၏ သားတော်အဖြစ် ခွဲခန့်မှတ်သားခံရသည် – ၁း၁၄။ ရော၊၈း၃။ ၁း၃–၄။ ဟေဗြဲ၊၂း၁၄။

က။ ဘုရားသခင်၏ သားတော်အဖြစ် ခွဲခန့်မှတ်သားခံရခြင်းဖြင့် ခရစ်တော်သည် သဘောသဘာဝနှစ်ခု – ဘုရားဇာတိနှင့် လူသားဇာတိ ရှိခဲ့သည်။ ယခု ကိုယ်တော်၌ရှိသည့် လူသားဇာတိသည် ဇာတိဆိုင်ရာ လူသားဇာတိမဟုတ်ဘဲ၊ ရှင်ပြန်ထမြောက်ခြင်း၌ မြှင့်တင်ခံရသည့် လူသားဇာတိဖြစ်သည် – ရော၊၁း၄။

ခ။ ခရစ်တော်၏ လူသားသဘောသဘာဝသည် ဘုရားသခင်၏ သားတော်အဖြစ် ခွဲခန့်မှတ်သားခံရသည်၊ အကြောင်းမှာ ကိုယ်တော်သည် ဘုရားဇာတိနှင့် လူသားဇာတိနှစ်ခုလုံးဖြင့် ဘုရားသခင်၏ သားတော်အဖြစ် ခွဲခန့်မှတ်သားခံရသောကြောင့်ဖြစ်သည်။

ဃ။ ခရစ်တော်ကို လူသားဇာတိနှင့်အတူ ဘုရားသခင်၏ သားတော်အဖြစ် ခွဲခန့်မှတ်သားခြင်းမှာ "သန့်ရှင်းခြင်း၏ ဝိညာဉ်တော်အတိုင်း" ဖြစ်သည် – အငယ်၊၄။

၁။ သန့်ရှင်းခြင်း၏ ဝိညာဉ်တော်သည် သခင်ယေရှုအတွင်းရှိ အသက်အနှစ်သာရဖြစ်သည်။ ကိုယ်တော်သည် အသွေးအသား၌ မြေကြီးပေါ် အသက်ရှင်ခဲ့စဉ်က ကိုယ်တော့်အတွင်း၌ ဤအနှစ်သာရ ရှိခဲ့သည် – မ၊၁း၁၈၊ ၂၀။ လု၊၁း၃၅။

၂။ သခင်ယေရှုသည် သေသောသူတို့အလယ်မှ ရှင်ပြန်ထမြောက်သည့်အခါ ကိုယ်တော်သည် သူ့၌ရှိသည့် သန့်ရှင်းခြင်း၏ ဝိညာဉ်တော်အတိုင်း ရှင်ပြန်ထမြောက်ခြင်းအားဖြင့် တန်ခိုးတော်၌ ဘုရားသခင်၏ သားတော်အဖြစ် ခွဲခန့်မှတ်သားခံရသည် – ရော၊၁း၄။

၃။ ယခု ကိုယ်တော်သည် ယခင်ကထက် ပို၍အံ့သြဖွယ်ကောင်းသည့်နည်းလမ်း၌ ဘုရားသခင်၏ သားတော်ဖြစ်သည်၊ အကြောင်းမှာ ယခုတွင် ကိုယ်တော်၌ ဘုရားသဘောသဘာဝနှင့် ရှင်ပြန်ထမြောက်သော၊ ပုံသဏ္ဌာန်ပြောင်းလဲသော၊ မြှင့်တင်ခံရသော၊ ဘုန်းထင်ရှားသော၊ ခွဲခန့်မှတ်သားခံရသော လူသားသဘောသဘာဝနှစ်ခုလုံး ရှိသောကြောင့်ဖြစ်သည် – ဖိ၊၄။ လု၊၂၄း၂၆။ ယော၊၁၇း၅။ တ၊၃း၁၃။

င။ ကျွန်ုပ်တို့သည် ရောမ ၁း၃–၄ နှင့် ၈း၂၉ ကို ဆက်စပ်ရန် လိုအပ်သည်။

၁။ လူ့ဇာတိခံခြင်း၊ ကားတိုင်ပေါ် အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းတို့မှတစ်ဆင့် ဘုရားသခင်၏ သားတော် ခရစ်တော်သည် သားဦးဖြစ်လာပြီး၊ ခရစ်တော်၏ ညီများဖြစ်သည့် များစွာသောသားတို့သည် ကိုယ်တော်၏ ပုံသဏ္ဌာန်တော်သို့ သဏ္ဌာန်တူညီလာခြင်း ရှိကြသည် – ဟေဗြဲ၊၂း၁၀–၁၁။ ရော၊၈း၂၉။

၂။ ရောမ ၁း၃–၄ တွင် ဘုရားသခင်၏ သားတော် ခရစ်တော်သည် ပုံစံနမူနာဖြစ်ပြီး၊ ၈း၂၉ တွင် များစွာသောညီများသည် အသက်၌ ကယ်တင်ခံရခြင်းအားဖြင့် ပုံစံနမူနာမှ 'အမြောက်အများထုတ်လုပ်ခြင်း' ဖြစ်ကြကာ၊ သားဦး၏ ပုံသဏ္ဌာန်သို့ သဏ္ဌာန်တူညီလာခြင်း ရှိကြလိမ့်မည်ဖြစ်သည်။

၃။ ဤအရာက ဘုရားဖြစ်စေခြင်းအကြောင်းအရာသို့ ကျွန်ုပ်တို့ကို ခေါ်ဆောင်ပြီး၊ ကိုယ်တော်၏ စီမံကိန်း၌ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ မိမိကိုယ်တော်တိုင်ကို လူဖြစ်လာစေပြီး၊ ခရစ်တော်၌ ယုံကြည်သူများနှင့် ဘုရားသခင်၏ သားများဖြစ်ကြသည့် ယုံကြည်သူ ကျွန်ုပ်တို့သည် ခရစ်တော်၌ အသက်၌၊ သဘောသဘာဝ၌၊ စေ့စပ်ထုံးဖွဲ့မှု၌ ဘုရားဖြစ်လာကြရန် ဖြစ်သည် (သို့သော် ကိုးကွယ်ခံဦးခေါင်းအရာ၌မဟုတ်ပါ)။ ထိုသို့ရည်ညွှန်းချက်သည် အလွန်အမင်း ကြီးမြတ်လှပြီး၊ နောက်ဆုံးတွင် သမ္မာကျမ်းစာသည် ဤအကြောင်းအရာဖြင့် ပြီးမြောက်ပြည့်စုံသွားသည် – အငယ်၊ ၂၉။ ၁း၃–၄။ ယော၊ ၁း၁–၁၃။ ၁ယော၊၃း၁။ ဗျာ၊၂၁း၂၊ ၁၀–၁၁။

© 2021 Living Stream Ministry